□

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန

ရုံးအမှတ်(၁)၊ နေပြည်တော်

လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) သတ်မှတ်ထားသည့် ဒုတိယဦးစီးမှူး ရာထူး (၂၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထား နိုင်ပါသည် -

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၃၁-၇-၂၀၁၇ ရက်တွင် အသက် ၃၀နှစ် ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) စီးပွားရေးဘွဲ့ရရှိသူများ၊ ဥပဒေဘွဲ့၊ နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့၊ အင်္ဂလိပ်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဂျာမန်၊ ပြင်သစ် ဘာသာ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(င) အခြေခံကွန်ပျူတာ ကျွမ်းကျင်သူဖြစ်ရမည်။

(စ) နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင် နိုင်သူ ဖြစ်ရမည်။

၃။ သတ်မှတ်လျှောက်လွှာ ပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website www.mopf.gov.mm တွင် download ရယူ၍ လျှောက်ထား နိုင်ပါသည်။

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးနေ့သက္ကရာဇ်

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်

(င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်

(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းလိပ်စာ အပြည့်အစုံတို့ကို ဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါ အချက်အလက်များအား **ပူးတွဲ** ပေးပို့ရပါမည်။

(က) ဘွဲ့လက်မှတ် **မိတ္တူ** (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်း အောင်လက်မှတ် **မိတ္တူ** (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက် **မူရင်း**

(ဃ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက် **မူရင်း** (လွန်ခဲ့သော **တစ်လ** အတွင်း)

□

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမား မှတ်ပုံတင်ကတ်ပြား **မိတ္တူ**

(စ) ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (လွန်ခဲ့သော **ခြောက်လခန့်**)

(ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်)

၅။ လျှောက်လွှာများကို ဓာတ်ပုံအပို တစ်စုံနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့ **၁၈-၈-၂၀၁၇** ရက်နေ့ အရောက် ပေးပို့ရ ပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်သည့်ဌာန ထောက်ခံ ချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် ဤဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီး ဌာနသို့ **၂၅-၈-၂၀၁၇** ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရပါမည်။

၇။ ရေးဖြေစာမေးပွဲကို နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာနတည်ရှိရာ နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုရမည့်ဘာသာရပ်များမှာ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲကို ၂၆-၈-၂၀၁၇ ရက်နေ့တွင် စစ်ဆေးမည် ဖြစ်ပါသည်**။

၈။ အချက်အလက် မပြည့်စုံသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၉။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို **၂၄-၈-၂၀၁၇** ရက်နေ့နှင့် **၂၅-၈-၂၀၁၇** ရက်နေ့ များတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြသ၍ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ထုတ်ယူနိုင်သည်။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် ကတ်ပြား ထုတ်ပေးချိန်တွင် စာမေးပွဲ ဖြေဆိုရမည့်နေရာကို ကြေညာထားပါမည်။

၁၀။ သိရှိလိုသော အချက်အလက်များကို ရုံးအမှတ်(၁)၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဦးစီးဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ တယ်လီဖုန်း အမှတ် ၀၆၇ ၄၀၇၁၅၂ ၊ ၀၆၇ ၄၀၇၁၅၃သို့ ဖြစ်စေ ဆက်သွယ်မေးမြန်း နိုင်ပါသည်။